# ဝါတွင်းကာလ ပဥ္စမတနင်္ဂနွေနေ့

ရှင်ယောဟန် ၁၂း ၂၀ - ၃၃

လူတွေကို ထာဝရကောင်းကင်ဘုံရောက်နိုင်ဖို့အတွက် ယေရှုဘုရားရှင်ရဲ့ ကားတိုင်ပေါ်မှာ အသေခံခြင်းက အရေးပါ ပါတယ်။ ဒါကို ယေရှုဘုရားရှင်က မြေပေါ်မှာကျတဲ့ ဂျုံစပါးစေ့နဲ့ ပုံခိုင်းနှိုင်းပြီး မိန့်တော်မူလိုက်တာက - ဂျုံစပါးစေ့တစ်စေ့သည် မြေပေါ်သို့ကျ၍မသေမပျက်ဘဲရှိသော် ၎င်းသည် တစ်စေ့တည်းအဖြစ် ဆက်လက်တည်ရှိပြီး သေကြေပျက်စီးလျှင်မူကား များစွာသောအသီးတို့ကို သီးစေတတ်၏။ - တဲ့ ။ ယေရှုဘုရားရှင်ရဲ့ အသေခံခြင်းရှိမှသာ သေရာမှပြန်ရှင်နိုင်တဲ့တန်ခိုးရှိကြောင်း ပြလို့ရမှာပေါ့။ ယေရှုဘုရားရှင်က သေရာမှပြန်ရှင်နိုင်တယ်ဆိုမှတော့ သူ့ကို ယုံကြည်တဲ့သူတွေကိုလည်း ထာဝရအသက်ပေးပိုင်နိုင်တဲ့ဘုရားဆိုတာ လူတွေက အလွယ်တကူ သိနိုင်ကြပါလိမ့်မယ်။

ထာဝရအသက်ပေးပိုင်နိုင်တဲ့ဘုရားဆိုတာ သိရှိပြီးတဲ့နောက်မှာ လူတွေက အဲ့ဒီဘုရားအတွက် အသက်ရှင်ကြတော့မယ်။ ကိုယ့် လောကဘဝအသက်တာ ခဏတာအသက်ရှင်ဖို့အတွက် အရေးမပေးတော့ပဲ သူတို့ကို ထာဝရအသက်ပေးပိုင်နိုင်တဲ့ဘုရားရဲ့အလိုတော်အတိုင်း နေထိုင်အသက်ရှင်ဖို့ပဲ သူတို့ စိတ်ဝင်စားတော့မယ်။ လောကမှာ ယာယီခဏအသက်ရှင်ဖို့ထက် ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်ဖို့ပဲ အာရုံရောက်ကြဖို့ ဖြစ်သင့်ပါတယ်။

ဒါကြောင့် ယေရှုဘုရားရှင်က - မိမိအသက်ကို ချစ်သောသူသည် အသက်ကို ဆုံးရှုံးရလိမ့်မည်။ ဤလောက၌ မိမိအသက်ကို မုန်းသောသူသည် ထိုအသက်ကို ထိန်းသိမ်းစောင့်ရှောက်လိမ့်မည်။ - ဒီကျမ်းပိုဒ်ကို ကြားလိုက်ရတဲ့အခါ ရုတ်တရက် ကျနော်တို့ ခရစ်ယာန်ဝါဒက လောကအသက်ကို မုန်းတီးရေး ၊ မြန်မြန်သေပြီး ကောင်းကင်ဘုံရောက်ဖို့အရေးလို့ ထင်ကောင်းထင်နေကြပါလိမ့်မယ်။ ခရစ်ယာန်ဝါဒက လောကမှာရှင်နေတဲ့အသက်တာဟာ ဘုရားပေးတဲ့အသက်တာဖြစ်လို့ တန်ဖိုးထားရပါတယ်။ အသက်ရှည်ကျန်းမာတာကိုလည်း ယေရှုဘုရားက အလိုရှိတော်မူတဲ့အတွက်ကြောင့် သူ့ဆီလာတဲ့ လူနာတွေကို ကျန်းမာစေဖို့ တန်ခိုးတော်နဲ့ ရောဂါပျောက်ကင်းစေတယ် မဟုတ်ဘူးလား။ ဗိုက်ဆာနေတဲ့လူတွေကို မုန့် (၅)လုံး ငါးနှစ်ကောင်ကို ပွါးများစေပြီး ကျွေးတော်မူတယ် မဟုတ်ဘူးလား။ သေသွားတဲ့ လာဇရုကို သေရာမှပြန်ရှင်ပေးလိုက်ပြီး လောကအသက်ကို ရှည်စေတယ် မဟုတ်ဘူးလား။ ဒါကြောင့် ယေရှုဘုရားရှင် ဆိုလိုတဲ့ - မိမိအသက်ကို ချစ်သောသူသည် အသက်ကို ဆုံးရှုံးရလိမ့်မည်။ ဤလောက၌ မိမိအသက်ကို မုန်းသောသူသည် ထိုအသက်ကို ပြန်လိမ့်မယ်ဆိုတာက အသက်ပိုင်ရှင်ဘုရားရဲ့အလိုတော်ကို လိုက်နာရာမှာ ကိုယ့်ရဲ့လောကအသက်တာ ဆုံးရှုံးရမယ်ဆိုရင်တောင် အဆုံးရှုံးခံသင့်တယ်၊ အဆုံးရှုံးခံရတာ တန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လောကအသက်ထက် သာတဲ့

ထာဝရအသက်ကို ပြန်ရဖို့က သေချာနေလို့ပါပဲ။

ဒါကြောင့် ယေရှုဘုရားရှင်က ခမည်းတော်ဘုရားရဲ့အလိုတော်ကို နာခံရာမှာ အသက်စွန့်တဲ့အထိ နာခံတယ်။ အဲ့ဒီလိုပဲ ကျနော်တို့ရဲ့ဘဝအသက်တာကို ကျနော်တို့ နှမြောတွန့်တိုတဲ့စိတ်နဲ့ တစ်ကိုယ်ကောင်းဆံဆံ ထိမ်းသိမ်းမထားပဲ ကျနော်တို့ရဲ့ဘဝအသက်တာကို ဘုရားကပဲ ထိန်းသိမ်းချုပ်ကိုင်စေလိုက်ပါ။ ဒါမှ သူတစ်ပါးတွေကို ချစ်နိုင်မယ်။ သင့်ဘဝဟာလည်း စိတ်ချမ်းမြေ့စရာ ဖြစ်လာပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ယေရှုဘုရားရှင် မိန့်တော်မူထားတာက - ငါမူကား သူတို့အား အသက်ကို ရစေခြင်းငှါလည်းကောင်း၊ ထိုအသက်ကို ပို၍ကြွယ်ဝစွာ ရရှိစေခြင်းငှါလည်းကောင်း လာ၏။ - လို့ အာမခံထားပါတယ်။

သခင်ယေရှုက ဘုရားလည်း ဖြစ်တယ်၊ လူလည်း ဖြစ်တော်မူတဲ့အတွက် သူအသေခံရမည့်အကြောင်း ကြိုတင်သိတော်မူတယ်။ ကြိုသိထားလို့ လူသားလည်း ဖြစ်တဲ့အတွက်ကြောင့် လူဆံဆံ အသေခံရမှာ ကြောက်တယ်၊ စိတ်သောကရောက်ပါတယ်။ ဒါပေမဲ့ ခမည်းတော်ဘုရားက သားတော်ယေရှုကို လူတွေရဲ့အပြစ်အတွက် အသေခံဖို့ စေလွှတ်တာဖြစ်တဲ့အတွက် သားတော်ယေရှုက ခမည်းတော်ဘုရားကို နာခံတော်မူပါတယ်။ တစ်ခါတစ်ရံမှာ ကျနော်တို့ စဉ်းစားမိကြမယ်။ ယေရှုဘုရားရှင်က အသေမခံဘဲနဲ့ လူတွေကို မကယ်တင်နိုင်ဘူးလားလို့ မေးကြပါလိမ့်မယ်။ ဘုရားဆိုမှတော့ အားလုံးကို တတ်နိုင်ပါတယ်။ သူ အသေမခံဘဲနဲ့လည်း လူတွေကို ကယ်တင်နိုင်ပါတယ်။ ဒါပေမဲ့ ကားတိုင်ပေါ်မှာ အသေခံတဲ့နည်းလမ်းကို ရွေးချယ်တယ်။ ဒီလိုနည်းနဲ့ ဘုရားကို နာခံဖို့ သင်ပေးပါတယ်။ ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ဟေဗြဲဦးသြဝါဒစာ ၅း၈ မှာ - ကိုယ်တော်သည် ဘုရားသခင်၏သားတော်ပင်ဖြစ်သော်လည်း ဒုက္ခဝေဒနာများကို ခံထမ်းခြင်းအားဖြင့် နာခံတတ်ရန် သင်ယူတော်မူခဲ့၏။ ဤသို့ဖြင့် ကိုယ်တော်သည် စုံလင်ခြင်းသို့ ရောက်သောအခါ မိမိကို နာခံသောသူအပေါင်းတို့အား ထာဝရကယ်တင်ခြင်းကို ပေးသောအရှင် ဖြစ်လာတော်မူ၏။

ဒါကြောင့် ယေရှုဘုရားရှင်က လက်ဝါးကားတိုင်မှာ အသေခံခြင်းဖြင့် လူတွေ ဘုရားကို နာခံတတ်ဖို့ စံနာမူနာပေးတော်မူပါတယ်။ ဒ့ါအပြင် ခမည်းတော်ဘုရားရဲ့အချစ်ကို လူတွေ သိလာစေပါတယ်။ - ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် ကျနော်တို့ကို ချစ်တော်မူတယ် (ယောဟန် ၃း၁၆)။

ယေရှုဘုရားရှင် ဒုက္ခခံထမ်းတာနဲ့ ဘယ်လိုလုပ်ပြီး ကျနော်တို့လူတွေက ကယ်တင်ခြင်း ခံကြရတာလဲ။ ကျနော်တို့အတွက် နိမ့်ကျတဲ့လူ့အဖြစ်ကို ယူပြီး တရားပေးတော်မူခဲ့တယ်။ သူ့ကို ယုံကြည်စေဖို့အတွက် တန်ခိုးတွေ အမျိုးမျိုးပြပြီး သက်သေပြတော်မူခဲ့တယ်။ ဘုရားက ကျနော်တို့ကို ဘယ်လောက်ချစ်သလဲဆိုတာ ကားတိုင်ပေါ်မှာ အသေခံခြင်းဖြင့် သက်သေပြတော်မူခဲ့တယ်။ ဒါတွေကို စဉ်းစားဆင်ခြင်မိတဲ့လူတိုင်းဟာ ဘာလုပ်ကြတော့မလဲ၊ ဘယ်လိုတုန့်ပြန်ကြလိမ့်မလဲ။ ဘုရားဆိုတာ သေချာပေါက် သိသွားပြီဗျာ။ အဲဒီဘုရားက အသေခံတဲ့အထိ ကျနော်တို့ကို ချစ်နေမှန်း သိသွားပြီဗျာ ။ ဒါဆို သင် ဘာဆက်လုပ်မလဲ။

သာမန်လူတွေ ရိုးသားတဲ့လူတွေဆိုရင် ဘုရားကို ပြန်ချစ်ကြတော့မယ် သေချာတယ်။ အဲဒီဘုရားရဲ့တရားတော်အတိုင်း နာခံကြတော့မယ်။ ရိုးသားတဲ့လူတိုင်းက အဲ့ဒီလို ဘုရားရဲ့အချစ်ကို တုန့်ပြန်ကြတော့မှာ သေချာပါတယ်။ အဲဒီလို ဘုရားကို ပြန်ချစ်ပြီးတော့ နာခံလို့ ကျနော်တို့ ထာဝရကောင်းကင်ဘုံကို ရောက်ကြရတာပါ။ - ဤသို့ဖြင့် ကိုယ်တော်သည် စုံလင်ခြင်းသို့ ရောက်သောအခါ မိမိကို နာခံသောသူအပေါင်းတို့အား ထာဝရကယ်တင်ခြင်းကို ပေးသောအရှင် ဖြစ်လာတော်မူ၏။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။